# “အသိပေးကြေညာချက်”

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်

၁။ အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့်ထုတ်ပြန်ထားပါသည်။

၂။ သတ်မှတ်ချက်များနှင့်အညီ ငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့်ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်သဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေ ပေးသွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြလိုပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန - ဆက်သွယ်ရန်ဖုန်း : ၀၆၇ -၃၄၁၈၇၅၄

(ခ) ကုန်သွယ်ရေးဦးစီးဌာန - ဆက်သွယ်ရန်ဖုန်း : ၀၆၇ -၃၄၀၈၂၅၈ ၊ ၀၆၇-၃၄၀၈၂၈၁

ကုန်သွယ်ရေးဦးစီးဌာန